ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ကြေညာချက်

ပေါင်းစပ်ထားသည့် Pneumococcal ကာကွယ်ဆေး

သင်သိရှိထားရမည့်အရာများ

ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ကြေညာချက် အများအပြားကို ဘာသာစကားအပြင် တခြားဘာသာစကားတွေနဲ့ ရနိုင်ပါတယ်။ www.immunize.org/vis mHa ကြည့်ပါ။

Hojas de información Sobre Vacunas están disponibles en español y en muchos otros idiomas. Visite www.immunize.org/vis

☑ **သင့်ဆရာဝန်က သင် ဒါမှမဟုတ် သင့်ကလေးကို ဒီနေ့ PCV13 တစ်ကြိမ်ထိုးဖို့ အကြံပြုထားပါတယ်။**

1 ကာကွယ်ဆေး ဘာလို့ ထိုးရတာလဲ။

မွေးကင်းစတွေနဲ့ ကလေးငယ်တွေ၊ ကျန်းမာရေး ပြဿနာတချို့ ရှိတဲ့ အသက်ပိုကြီးတဲ့ ကလေးတွေနဲ့ အရွယ်ရောက်သူတွေကို Pneumococcal ရောဂါက ကာကွယ်ဖို့ (PCV13 ဒါမှမဟုတ် Prevnar® ၁၃ လို့ခေါ်တဲ့) **Pneumococcal ကာကွယ်ဆေးကို** အကြံပြုထားပါတယ်။

Streptococcus pneumoniae ဘက်တီးရီးယားပိုး ကူးစက်တာကြောင့် *Streptococcus pneumoniae* ရောဂါ ဖြစ်ပါတယ်။ ဒီဘက်တီးရီးယားပိုးတွေက လူတစ်ယောက်နဲ့ တစ်ယောက် အနီးကပ်ထိတွေ့မှုကြောင့် တစ်ယောက်က တစ်ယောက်ကို ကူးစက်ပြန့်ပွားပါတယ်။

နူမိုကော့ကဲလ် ရောဂါကြောင့် အဆုတ်အအေးမိရောဂါ၊ သွေးထဲ ရောဂါပိုးဝင်တာတွေနဲ့ ဦးနှောက်အမြှေး ရောင်တာတို့ အပါအဝင် ကြီးလေးတဲ့ ကျန်းမာရေးပြဿနာတွေ ဖြစ်နိုင်ပါတယ်။

ဦးနှောက်အမြှေး ရောင်တာက ဦးနှောက်ကို ဖုံးအုပ်ထားတဲ့ အမြှေးမှာ ရောဂါပိုးဝင်တာ ဖြစ်ပါတယ်။ pneumococcal ဦးနှောက်အမြှေး ရောင်တာက ဖြစ်ခဲပေမဲ့ (နှစ်စဉ် လူ ၁၀၀၀၀၀ မှာ တစ်ယောက်အောက်) ဒီရောဂါကနေ နားထိုင်းသွားတာနဲ့ ဦးနှောက် ထိခိုက်တာတို့ အပါအဝင် တခြား ကျန်းမာရေး ပြဿနာတွေ ဖြစ်သွားပါတယ်။ ကလေးသူငယ်တွေမှာ ၁၀ ယောက်မှာ ၁ ယောက် သေဆုံးပါတယ်။

> အသက် နှစ်နှစ်အောက်ကလေးတွေက အသက်ပိုကြီးတဲ့ ကလေးတွေထက် စာရင် ကြီးလေးတဲ့ရောဂါဖြစ်ဖို့ အလားအလာ အန္တရာယ် ပိုရှိပါတယ်။ ရောဂါတချို့ရှိသူတွေ၊ အသက် ၆၅ နှစ် ကျော်သူတွေနဲ့ ဆေးလိပ်သောက်သူတွေမှာလည်း ဒီအလားအလာ အန္တရာယ် ပိုရှိပါတယ်။

ကာကွယ်ဆေးမရှိခင်က pneumococcal ရောဂါပိုးတွေကြောင့် အမေရိကန်ပြည်ထောင်စုမှာ အသက် 5 နှစ်အောက် ကလေးတွေမှာ အောက်ပါတို့ အပါအဝင် ပြဿနာ အများအပြား ပေါ်ပေါက်ပါတယ်။ ။

- ဦးနှောက်အမြှေးရောင်တဲ့ အမှုပေါင်း 700 ကျော်၊
- သွေးမှာရောဂါပိုးဝင်တဲ့ အမှုပေါင်း 13000၊
- နားမှာ ရောဂါပိုးဝင်တဲ့ အမှုပေါင်း 5 သန်းလောက်နဲ့
- သေဆုံးမှု 200။

Pneumococcal ရောဂါပိုးတွေကြောင့် အရွယ်ရောက်သူ 4000 လောက် နှစ်စဉ်သေဆုံးဆဲ ဖြစ်ပါတယ်။

Pneumococcal ရောဂါပိုး မျိုးရိုးတချို့က ပဋိဇီဝဆေးတွေကို တွန်းလှန်နိုင်တာကြောင့် ကုရခက်နိုင်ပါတယ်။ ဒါကြောင့် **ကာကွယ်ဆေးနဲ့ ဒီရောဂါကို တားဆီးဖို့ရာက** ပိုပြီးတောင် အရေးကြီးလာပါတယ်။

2 PCV13 ကာကွယ်ဆေး

Pneumococcal ဘက်တီးရီးယား အမျိုးပေါင်း 90 ကျော် ရှိပါတယ်။ PCV13 က ၄င်းတို့ ၁၃ မျိုးကို ကာကွယ် တားဆီးပေးပါတယ်။ ဒီ 13 မျိုးကြောင့် ကလေးတွေမှာ အဆိုးရွားဆုံး ရောဂါပိုးကူးစက်မှု ဖြစ်ပြီး အရွယ်ရောက်သူတွေမှာ ရောဂါပိုးကူးစက်မှုတွေရဲ့ တစ်ဝက်က သူတို့ကြောင့် ဖြစ်ပါတယ်။

ကလေးတွေကို အသက် 2 လ၊ 4 လ၊ 6 လနဲ့ ၁၂ လက ၁၅ လ တို့မှာ PCV13 ပုံမှန် ပေးပါတယ်။ ဒီအသက်အရွယ် အတိုင်းအတာအတွင်းက ကလေးသူငယ်တွေမှာ pneumococcal ရောဂါပိုးကြောင့် ကြီးလေးတဲ့ ရောဂါတွေဖြစ်ဖို့ အကြီးမားဆုံး အန္တရာယ် အလားအလာ ရှိနေပါတယ်။

PCV13 ကာကွယ်ဆေးကို တချို့ကလေးသူငယ်တွေ ဒါမှမဟုတ် အရွယ်ရောက်သူတွေအတွက်လည်း အကြံပြုနိုင်ပါတယ်။ သင့်ဆရာဝန်က သင့်ကို အသေးစိတ် အချက်အလက်တွေ ပေးနိုင်ပါတယ်။

PPSV23 လို့ခေါ်တဲ့ ပနဇုမျငုငငာလ ကာကွယ်ဆေး ဒုတိယ အမျိုးအစားကို ကလေးတချို့နဲ့ အသက် 65 နှစ်အထက်ရှိသူ ဘယ်သူမဆို အပါအဝင် အရွယ်ရောက်သူတွေကိုလည်း ပေးနိုင်ပါတယ်။ ဒီကာကွယ်ဆေးအတွက် သီးခြား ကာကွယ်ဆေး အချက်အလက် ထွက်ဆိုချက် ရှိပါတယ်။

3 ကြိုတင်ကာကွယ်မှုများ

ဒီကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးနောက်၊ ဒါမှမဟုတ် PCV7 (ဒါမှမဟုတ် Prevnar) လို့ခေါ်တဲ့ pneumococcal ကာကွယ်ဆေး အရင်က တစ်ကြိမ်ထိုးပြီးနောက်၊ ဒါမှမဟုတ် diphtheria toxoid ပါတဲ့ ကာကွယ်ဆေး (ဥပမာ၊ DTaP) ထိုးပြီးနောက် အသက်အန္တရာယ် ရှိလောက်တဲ့အထိ ဓာတ်မတည့်တဲ့ တုံ့ပြန်မှုဖြစ်ဖူးသူတွေက PCV13 မထိုးရပါဘူး။

PCV13 ရဲ့ အစိတ်အပိုင်းတစ်ရပ်နဲ့ အကြီးအကျယ် ဓာတ်မတည့်သူတွေက ဒီကာကွယ်ဆေး မထိုးရပါဘူး။ ကာကွယ်ဆေးအထိုးခံနေရသူမှာ အကြီးအကျယ် ဓာတ်မတည့်မှု တစ်ခုခုရှိရင် သင့်ဆရာဝန်ကို ပြောပါ။

ကာကွယ်ဆေးထိုးဖို့ စီစဉ်ထားသူက နေမကောင်းရင် ဆရာဝန်က ဆေးထိုးတဲ့ရက်ကို ရွှေ့လိုက်ဖို့ ဆုံးဖြတ်နိုင်ပါတယ်။

ဒီကြိုတင်ကာကွယ်မှုတွေအကြောင်း နောက်ထပ် အချက်အလက်တွေကို သင့်ဆရာဝန်က ပေးနိုင်ပါတယ်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

4 PCV13 ကာကွယ်ဆေးရဲ့ အလားအလာရှိတဲ့ အန္တရာယ်တွေက ဘာတွေလဲ။

ကာကွယ်ဆေးတွေအပါအဝင် ဘယ်ဆေးမဆို ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ဖို့ အလားအလာ ရှိပါတယ်။ သာမန်အားဖြင့် ဒါတွေက နည်းနည်းပါးပါးပဲ ဖြစ်ပြီး အလိုလို ပျောက်သွားပေမဲ့ ကြီးလေးတဲ့ တုံ့ပြန်မှုတွေလည်း ဖြစ်နိုင်ပါတယ်။

PCV13 နဲ့ ဆက်စပ်ပြီး အစီရင်ခံလာတဲ့ ပြဿနာတွေက ဆေးပမာဏ၊ အသက်တို့အလိုက် ကွာခြားပေမဲ့ ယေဘုယျအားဖြင့်။ ။

- ဆေးထိုးပြီးနောက် ကလေးတစ်ဝက်က အိပ်ချင်လာပါတယ်။ အစားအသောက် ယာယီပျက်တာ ဒါမှမဟုတ် ဆေးထိုးပေးတဲ့နေရာမှာ နီတာ၊ နာတာတို့ ဖြစ်ပါတယ်။
- 3 ယောက်မှာ 1 ယောက်က ဆေးထိုးတဲ့နေရာမှာ ရောင်ကိုင်းပါတယ်။
- 3 ယောက်မှာ 1 ယောက်က နည်းနည်းပါးပါ: ကိုယ်ပူပြီး အယောက် 20 မှာ 1 ယောက်က (102 .2 ဒီဂရီ ဖာရင်ဟိုက်ကျော်) ကိုယ်အပူချိန် မြင့်ပါတယ်။
- 10 ယောက်မှာ 8 ယောက်လောက်အထိက ဂျီကျတာ၊ စိတ်တိုတာတွေ ဖြစ်ပါတယ်။

ဒီကာကွယ်ဆေးထိုးတဲ့ အရွယ်ရောက်သူတွေက ဆေးထိုးတဲ့နေရာမှာ နီတာ၊ နာတာနဲ့ ရောင်တာတို့ ဖြစ်ကြောင်း အစီရင်ခံဖူးပါတယ်။ နည်းနည်းပါးပါး: ကိုယ်ပူတာ၊ မောတာ၊ ခေါင်းကိုက်တာ၊ အချမ်းထတာ ဒါမှမဟုတ် ကြွက်သားနာတာတို့ကိုလည်း အစီရင်ခံဖူးပါတယ်။

ကာကွယ်ဆေးကနေ အသက်အန္တရာယ်ရှိတဲ့အထိ ဓာတ်မတည့်တဲ့ တုံ့ပြန်မှုတွေက အရမ်းနည်းပါတယ်။

5 ကြီးလေးတဲ့ တုံ့ပြန်မှုတွေ ရှိလာရင် ဘာလုပ်ရမလဲ။

ကျွန်ုပ် ဘာတွေကို သတိထားကြည့်နေရမလဲ။

- ကြီးလေးတဲ့ ဓာတ်မတည့်မှု လက္ခဏာတွေ၊ ကိုယ်အပူချိန် အရမ်းမြင့်တာ ဒါမှမဟုတ် အပြုအမူပြောင်းတာတို့လို သင်စိုးရိမ်တာတွေကို သတိထားကြည့်နေပါ။ ကြီးလေးတဲ့ ဓာတ်မတည့်မှု လက္ခဏာတွေထဲမှာ အင်ပျဉ်ထတာတွေ၊ မျက်နှာနဲ့ လည်ချောင်း ရောင်ကိုင်းတာ၊ အသက်ရှူရခက်ခဲတာ၊ နှလုံးခုန်မြန်တာ၊ ခေါင်းမူးတာနဲ့ အားနည်းတာတို့ ပါနိုင်ပါတယ်။ ဒါတွေက ကာကွယ်ဆေးထိုးပြီး မိနစ်အနည်းငယ်က နာရီအနည်းငယ်အတွင်းမှာ စပါမယ်။

ကျွန်ုပ် ဘာလုပ်ရမလဲ။

- ကြီးလေးတဲ့ ဓာတ်မတည့်တဲ့တုံ့ပြန်မှု ဒါမှမဟုတ် စောင့်လို့မဖြစ်တဲ့ တခြားအရေးပေါ် အခြေအနေလို့ သင်ယူဆရင် 9-1-1 ကိုဆက်ပါ။ ဒါမှမဟုတ် ဒီလူကို အနီးဆုံးဆေးရုံကို ခေါ်သွားပါ။ ဒါမှမဟုတ်ရင် သင့်ဆရာဝန်ကို ဖုန်းဆက်ပါ။
- ဒီနောက်မှာ ဒီတုံ့ပြန်မှုကို ကာကွယ်ဆေးကြောင့် ထိခိုက်မှုအဖြစ်အပျက် အစီရင်ခံခြင်းစနစ် (VAERS) ကို အစီရင်ခံအကြောင်းကြားပါ။ သင့်ဆရာဝန်က ဒီအစီရင်ခံစာ တင်ပေးနိုင်ပါတယ်။ ဒါမှမဟုတ် VAERS ရဲ့ ဝက်ဆိုက် **www.vaers.hhs.gov** မှာ ဒါမှမဟုတ် **1-800-822-7967**ကို ဖုန်းဆက်ပြီး ကိုယ့်ဟာကိုယ် တင်သွင်းနိုင်ပါတယ်။

VAERS ဟာ တုံ့ပြန်မှုတွေကို အစီရင်ခံဖို့အတွက်ပဲ ဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေ မပေးပါဘူး။

6 နိုင်ငံတော် ကာကွယ်ဆေးကြောင့် ထိခိုက်မှု လျော်ကြေး အစီအစဉ်

နိုင်ငံတော် ကာကွယ်ဆေးကြောင့် ထိခိုက်မှု လျော်ကြေးအစီအစဉ် (VICP) ဟာ ကာကွယ်ဆေး တချို့ကြောင့် ထိခိုက်သွားနိုင်ခဲ့သူတွေကို အလျော်ပေးဖို့ ဖန်တီးထားတဲ့ နိုင်ငံတော် အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။

ကာကွယ်ဆေးတစ်ခုကြောင့် ထိခိုက်သွားခဲ့တယ်လို့ ယူဆသူတွေက ဒီအစီအစဉ် အကြောင်းနဲ့ တောင်းဆိုမှု ပြုလုပ်ပုံအကြောင်း သိချင်ရင် **1-800-338-2382** ကို ဖုန်းဆက်နိုင်ပါတယ်။ ဒါမှမဟုတ် VICP ဝက်ဆိုက် **www.hrsa.gov/vaccinecompensation** မှာ ဖတ်နိုင်ပါတယ်။

7 နောက်ထပ်အချက်အလက်တွေ ပိုသိချင်ရင် ဘာလုပ်ရမလဲ။

- သင့်ဆရာဝန်ကို မေးပါ။ 1-888-767-4687
- သင့်ဒေသခံ ဒါမှမဟုတ် ပြည်နယ် ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းရေးနှင့် ကာကွယ်တားဆီးရေး ဗဟိုဌာန (CDC) ကို ဆက်သွယ်ပါ။ ။
  - **1-800-232-4636 (1-800-CDC-INFO)** ကို ဖုန်းဆက်ပါ။ ဒါမှမဟုတ်
  - CDC ရဲ့ ဝက်ဆိုက်ကို **www.cdc.gov/vaccines** မှာ သွားကြည့်ပါ။

Vaccine Information Statement (Interim)
PCV13 Vaccine

2/27/2013 Burmese

Office Use Only

DCH-0955BU
AUTH: P.H.S., Act 42, Sect. 2126.

Translation provided by the Immunization Action Coalition

42 U.S.C. § 300aa-26

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။
ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။